

❝ ကျွန်တော်က Rev. ပီတာအေးဖြစ်ပြီး ပဲခူးခရစ်ယာန်အသင်းတော်များကောင်စီမှာ ဥက္ကဋ္ဌအဖြစ် ပါဝင်ဆက်ကပ်နေသူတစ်ဦးဖြစ်ပါတယ်။ ကျွန်တော်မျှော်လင့်တဲ့အရာကတော့ တကယ်ဘဲ ဘုရားသခင်ရွေးကောက်တဲ့ ခေါင်းဆောင်ကောင်းတွေကို ဘုရားသခင်က ရွေးချယ်ပြီးတဲ့အခါမှာ ထိုခေါင်းဆောင်တွေအားဖြင့် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီဟာ ပိုမိုပြီးတော့ တိုးတက်အောင်မြင်လာမယ်လို့ မျှော်လင့်ပါတယ်။ ❞

Rev. ပီတာအေး

ဥက္ကဋ္ဌ
ပဲခူးခရစ်ယာန်အသင်းတော်များကောင်စီ

---



❝ သွားလာရေးခက်ခဲမှုများကြားက၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၏ (၉၀) ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေးမှာ ပါဝင်ခွင့်ရရှိတဲ့အတွက် များစွာ ကျေးဇူးတော်ချီးမွမ်းပါတယ်။ ဂိုဏ်းပေါင်းစုံမှ သာသနာ့ခေါင်းဆောင်များနဲ့ တွေ့ဆုံခွင့်ရတဲ့အတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက်ပါတယ်။ ဂိုဏ်းဂဏများ စည်းလုံးညီညွတ်စွာ မြန်မာပြည်အတွက် ကောင်းကြီးမင်္ဂလာဖြစ်စေမည့်၊ ဘုရားအလိုတော်ရှိသောအရာများကို လက်တွဲညီညီလုပ်ဆောင်နိုင်ဖို့ ရင်ခုန်မျှော်လင့်မိပါတယ်ရှင်။ ❞

ဆရာမရှီးဝူမီး (အမျိုးသမီးတာဝန်ခံ)
မြန်မာနိုင်ငံလီဆူခရစ်ယာန်အသင်းတော်

**၁၄.၅.၂၀၂၆ ရက်နေ့တွင် ကောက်ခံရရှိသော အလှူငွေ**

စုစုပေါင်း ကျပ် **၄၄၄,၁၀၀/-** တိတိ

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ

90th BGM Newsletter

## နှိမ့်ချ၊ ဆုတောင်း၊ ရှာဖွေ ပြည်တော်ကို ချမ်းသာစေ

ရာဇဝင်ချုပ်ဒုတိယစောင် ၇:၁၄၊ ရှင်ယာကုပ် ၄း၁-၁၀



၁၄.၅.၂၀၂၆ ( ကြာသပတေးနေ့ ) ၏ **နံနက်ဝတ်ပြုခြင်းနှင့် သမ္မာကျမ်းစာလေ့လာခြင်း** ကို နံနက် ၉း၀၀ – ၁၀း၀၀ – ၁၀း၃၀ နာရီတွင် ပြုလုပ်ပြီး သဘာပတိအဖြစ် ဆရာမ မိုင်ကေသီမင်းဒင်မှ ဦးဆောင်ပြီး သိက္ခာတော်ရဆရာငြိမ်းချမ်းထွန်း (ပခုက္ကူ ခရစ်ယာန်အသင်းတော်များကောင်စီ)၏ ဆက်ကပ်ဆုတောင်းခြင်းဖြင့် အစပြုခဲ့ပါသည်။ သမ္မာကျမ်းစာလေ့လာခြင်းကို Rev.Dr. Edward Jarvis မှ ဦးဆောင်ခဲ့ပါသည်။ အလှူတော်ငွေကောက်ခံစဉ် ဆရာမ မိုင်ကြည်ကြည်ဝင်း နှင့် ဆရာမမီမီစန်း တို့မှ ဂုဏ်တော်ချီးမွမ်းခဲ့ပြီး သိက္ခာတော်ရဆရာမထူးထူးဖော (SSKBMS) မှ အလှူတော်ငွေ ဆက်ကပ်ခဲ့ပါသည်။ ထို့နောက် ဓမ္မသီချင်းအမှတ်စဉ် (၂၆) ကျောက်မြဲကျူးကို အတူတကွ ချီးမွမ်းကျူးကြေပြီး ဘုန်းတော်ကြီး လက်ခိုဆပ် (ပြင်ဦးလွင် အသင်းတော်များကောင်စီ) ၏ ကောင်းကြီးပေးခြင်းဖြင့် အစီအစဉ်ကို အဆုံးသတ်ခဲ့ပါသည်။



**သင်းလုံးကျွတ်အစည်းအဝေး ကိုယ်စားလှယ်အမည်စာရင်းခေါ်ယူခြင်းနှင့် အစည်းအဝေးထမြောက်ကြောင်း ကြေညာခြင်း**

မခသက တွဲဖက်အထွေထွေအတွင်းရေးမှူးက တက်ရောက်သော ကိုယ်စားလှယ်စာရင်းကို ဖတ်ကြားတင်ပြပါသည်။

**အဖွဲ့ဝင်အသင်းတော် (၁၃) ပါး**ရှိသည့်အနက် **အသင်းတော် (၁၃) ပါး**လုံး တက်ရောက်ပါသည်။

**မဲပေးပိုင်ခွင့် ရှိသူ (၁၂၉) ဦး**အနက် **လူပုဂ္ဂိုလ်ကိုယ်တိုင်နှင့်** Virtual **အပါအဝင် စုစုပေါင်း (၁၁၂) ဦး** တက်ရောက်ပါသည်။

**ပူးပေါင်းဆက်သွယ်သောအဖွဲ့ (၁၄) ဖွဲ့**ရှိသည့်အနက် **(၁၄) ဖွဲ့**တက်ရောက်လာပြီး **ဒေသန္တရ အသင်းတော်များကောင်စီ (၄၉) ပါး**ရှိသည့်အနက် **(၁၂) ပါး** တက်ရောက်လာပြီး **တိုးချဲ့ (၁၄) ဦး** မှ **(၁၀) ဦး** တက်ရောက်ပြီး **လေ့လာသူအဖြစ် (၁၀) ဦး** တက်ရောက်ပါသည်။

မခသက၏ ဌာနအသီးသီးမှ သဘာပတိများအားလုံး တက်ရောက်ပါသောကြောင့် (၉၀) ကြိမ်မြောက် သင်းလုံးကျွတ် အစည်းအဝေးကြီး အထမြောက်ကြောင်း ဥက္ကဋ္ဌ မှ ကြေညာပါသည်။






**အလုပ်အစည်းအဝေး**

အလုပ်အစည်းအဝေးပထမပိုင်းကို သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦး (ဥက္ကဋ္ဌ၊ မခသက) မှ သဘာပတိအဖြစ် လုပ်ဆောင်ခဲ့ပြီး (၁) သင်းလုံးကျွတ်အစည်းအဝေး ကိုယ်စားလှယ် အမည်စာရင်းခေါ်ယူခြင်း၊ (၂) အစည်းအဝေး ကိုယ်စားလှယ်ကိုယ်စားပြု (Proxy) လက်ခံခြင်းနှင့် လေ့လာသူများလက်ခံခြင်း၊ (၃) သင်းလုံးကျွတ်အစည်းအဝေးကြီး၏ တိုးချဲ့အဖွဲ့ (၁၄) ဦးအား လက်ခံခြင်း (မဲပေးပိုင်ခွင့်ရှိသူများ)၊ (၄) အလုပ်အစည်းအဝေးအစီအစဉ်လက်ခံခြင်း၊ (၅) မခသက၊ ဥက္ကဋ္ဌမှ အဖွင့်မိန့်ခွန်းပြောကြားခြင်း၊ (၆) ဘုန်းတော်ဝင်စားသွားသော ပုဂ္ဂိုလ်များအား ဂါရဝပြုလျက် အောက်မေ့သတိရခြင်းနှင့် ဆုတောင်းခြင်းကို သိက္ခာတော်ရဆရာဒေါက်တာဇော်ဝင်းမှ ဆုတောင်းခြင်းဖြင့် အလုပ်အစည်းအဝေးပထမပိုင်းကို ရုပ်သိမ်း၍ နေ့လည်စာ သုံးဆောင်ကြပါသည်။

အလုပ်အစည်းအဝေး ဒုတိယပိုင်းကို ဂိုဏ်းချုပ်ဆရာတော်ကြီး ဒေါက်တာဦးမြတ်ဆန်းမှ သဘာပတိအဖြစ် ဆက်လက်ဦးဆောင်ခဲ့ပါသည်။ (၇) (၈၉) ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေးမှတ်တမ်းဖတ်ကြားခြင်းနှင့် လက်ခံအတည်ပြုခြင်း၊ (၈) မှတ်တမ်းမှ ပေါ်ပေါက်သော ကိစ္စရပ်များ၊ (၉) အထွေအထွေအတွင်းရေးမှူး အစီရင်ခံစာ၊ (၁၀) ဗဟိုကော်မတီမှ ထောက်ခံတင်ပြခြင်း၊ (၁၁) ပြည်သူ့ဆက်ဆံရေးကော်မတီ အစီရင်ခံစာ၊ (၁၂) အဖွဲ့ဝင်အသစ် စိစစ်ရေးကော်မတီအစီရင်ခံစာတို့ကို ဝိုင်းဝန်းဆွေးနွေးကာ အဆိုပြုခြင်း၊ ထောက်ခံခြင်းများနှင့်အတူ အားလုံး လက်ယာလက်ပြကာ သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။ Virtual မှ ပါဝင်သော သာသနာပိုင်ဒေးဗစ်ညီညီနိုင်၏ ဆက်ကပ်ဆုတောင်းကောင်းကြီးပေးခြင်းဖြင့် တစ်ရက်တာ အလုပ်အစည်းအဝေးအစီအစဉ်အား အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

